# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# အဌမနေ့ အစီအစဉ်

# [ ၃၁ - ၈ - ၂၀၁၁ ]

# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် အဌမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) ၏ **ညောင်ဦးခရိုင်၊ ပုဂံမြို့သစ်တွင် တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ခန္တီးခရိုင် ကုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်နေသည့် အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းအင်အား တိုးချဲ့ ခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များ၊ မြို့နယ်ခွဲများတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြည်သူ့ဆေးရုံများတွင် တာဝန်ခံဆရာဝန်များ ခန့်အပ်ထားပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသိန်းဝင်း ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအား နယ်စပ်ကုန်သွယ်ရေးစခန်းများ တည်ရှိရာ ဒေသများတွင် ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိ နှင့် နယ်စပ်ဒေသမှ ဝင်ရောက်လျှက်ရှိသော အစားအသောက်နှင့်ဆေးဝါးပစ္စည်းများသည် လုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာစားသုံးနိုင်ရေး အာမခံချက် ပေးမည့်** အစီအစဉ် နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မြေပဒိုကျေးရွာအုပ်စု၊ ဆူးတောကျေးရွာ၊ (၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ပြီးစီးရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်သာခင် ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ၏ **မောင်တောမြို့ပေါ်ရှိ လက်ရှိပြည်သူ့ဆေးရုံ ကုတင်(၅၀)ဆံ့ကို တိုးချဲ့ဆောက်လုပ်ရန်** အစီအစဉ်ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ၏ **အခြေခံပညာအဆင့်အသီးသီးတွင် အရည်အချင်းစိစစ်ရေး စာမေးပွဲများကျင်းပရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ၏ **အခြေခံပညာနယ်ပယ်တွင် အမျိုးသားဆရာများ ရှားပါးလာခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ၏ **အခြေခံပညာနယ်ပယ်တွင် အဆင့်အလိုက် ရာထူးတိုးမြှင့်ခန့်ထားရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသည့် မြန်မာကျပ်ငွေလဲလှယ်နှုန်းအား ပြင်ဆင်သတ်မှတ်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်း နှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါက်တာခင်ရွှေ၊ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၂ )

( ဂ ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(ဃ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

၇။ ဦးထွန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ၏ **မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်း ကော်မတီတစ်ရပ် ဖွဲ့စည်းရေး** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြန်လည်ဖြေရှင်းဆွေးနွေးခြင်း နှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ခ ) ဒေါက်တာဝင်းမြင့်အောင်၊စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( ဂ ) ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( င ) ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်သားကိုယ်စားလှယ်

( စ ) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(ဆ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

( ဇ ) ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁ဂ)

( ဈ ) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(ည) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ဋ ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( ဌ ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

( ဍ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

၈။ ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ၏ **ပြည်ထောင်စုနှင့် ပြည်နယ်တိုင်း အစိုးရအဖွဲ့များ ရက်(၁၀၀)ကျော်ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်က ချီးကျူးမှတ်တမ်းတင်ပေးပါရန်** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်း နှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း-

(က) ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)

( ခ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ဂ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

၉။ ဦးသိန်းဝင်း ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေး၊ လုံခြုံမှုအပြည့်အဝပေးနိုင်ရေး၊ စိုက်ပျိုးပြီးထွက်ရှိလာသည့် သီးနှံများ ဈေးနှိမ်မခံရရေးနှင့် ဈေးကွက်ရရှိရေး စသည်တို့ပါဝင်သည့် ဥပဒေအသစ်တစ်ခုရေးဆွဲပြီး ၁၉၅၃ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၊ ၁၉၆၃ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့် ဥပဒေများကို ဖျက်သိမ်းရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က

ပြန်လည် ဖြေရှင်းဆွေးနွေးခြင်း နှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)

( ခ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ဂ ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(ဃ) ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

၁၀။ ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ၏ **အများပြည်သူတို့အပေါ် မလျော်ဩဇာ ကျင့်သုံးမှု၊ မမှန်မကန်ပြုကျင့်မှုများအတွက် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးကြသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် စုံစမ်းရာဒေသမှ ယုံကြည်လေးစားထိုက်သော မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၁။ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရန် ရှိပါက ရှင်းလင်းဆွေးနွေးခြင်း။

၁၂။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆို ကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၃။ ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော (က) The Myanmar Company Act (ခ) The Partnership Act (ဂ) နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန်**

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၄။ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရန် ရှိပါက ရှင်းလင်း ဆွေးနွေးခြင်း။

၁၅။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၆။ ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန(၁၅)ခုက စီမံခန့်ခွဲလျှက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၇။ ပြည်ထောင်စုရှေ့နေချုပ်က ရှင်းလင်းဆွေးနွေးရန် ရှိပါက ရှင်းလင်း ဆွေးနွေးခြင်း။

၁၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။